# Twelth Sunday in Ordinary Time – Year B

## 1st READING: Job 38:1,8-11

ယောဘဝတ္တု၊ ၃၈း ၁၊ ၈–၁၁

ထိုအခါ ထာဝရဘုရားသည် ယောဘစကားကိုလှန်ပြန်၍ မိုဃ်းသက်မုန်းတိုင်းထဲက မိန့်တော်မူသည်ကား၊ သမုဒ္ဒရာသည် အမိဝမ်းထဲကဘွား၍ ထွက်လာသောအခါ အဘယ်သူသည် တံခါးပိတ်နှင့် ပိတ်ထားသနည်း။ သမုဒ္ဒရာကို မိုဃ်းတိမ်နှင့် ငါခြုံ၍ ထူထပ်သောမှောင် မိုက်နှင့် ထုပ်ရစ်သည်ကာလ၌၎င်း၊ သင်သည် ဤအရပ်တိုင်အောင် လာရ၏။ တိုး၍မလွန်ရ ဤအရပ်၌ သင်၏ ထောင်လွှားသော လှိုင်းတံပိုးဆုံးရ၏ဟု ပညတ်လျက်၊ သမုဒ္ဒရာအပိုင်း အခြားကို ငါစီရင်၍၊ တံခါးပိတ်နှင့် ကန့်လန့်ကျင် တို့ကို ထားသည်ကာလ၌၎င်း၊ အဘယ်သူသည် ဝိုင်း၍ ကူညီသနည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 107:23-24,25-26,28-29,30-31

## ဆာလံကျမ်း ၁၀၇

**သံပြိုင်။** ။ ထာဝရဘုရားကိုကျေးဇူးဆပ်တင်ကြလော့။အကြောင်းမူကားကိုယ်တော်သည်ကောင်းမြတ်တော်မူ၍ ကိုယ်တော်၏မေတ္တာတော်သည်အစဉ်အမြဲတည်   တော်မူ၏။
R. **Give thanks to the Lord, his love is everlasting.**

**၁။** ။ အချို့သောသူတို့သည် သင်္ဘောဖြင့်ပင်လယ်ကို ကူး၍ ရေပေါ်တွင် လုပ်ကိုင်စားသောက်ကြသောကုန်သည် များဖြစ်၏။သူတို့သည်သခင်ဘုရား၏လက်ရာတော် ဖြစ်သည့် ရေနက်ရာရှိကိုယ်တော်၏အံ့ဖွယ်ရာအမှု တို့ကိုမြင်ကြရ၏။**(သံပြိုင်)**
They who sailed the sea in ships, trading on the deep waters, These saw the works of the LORD and his wonders in the abyss.

**၂။** ။ ကိုယ်တော်အမိန့်ရှိသည်နှင့်လေမုန်တိုင်းတိုက်ပြီးလှိုင်းတံပိုးများလည်းမြင့်စွာထကြွခဲ့၏။သူတို့သည်ကောင်းကင်ယံသို့တိုင် အောင်တက်ပြီးနက်ရှိုင်းရာသို့ပြန်ကျခဲ့ရသောကြောင့် ဘေးဒုက္ခရောက်ခ|န်တွင်သူတို့၏ခွန်အားသတ္တိသည် လည်း အရည်ပျော်ခဲ့ရ၏။ **(သံပြိုင်)**
His command raised up a storm wind which tossed its waves on high. They mounted up to heaven; they sank to the depths; their hearts melted away in their plight.

**၃။** ။ လူတို့သည် ဘေးဒုက္ခ ရောက်ချိန်တွင်ထာဝရဘုရားထံအော်ဟစ်ငိုကြွေးခဲ့ကြ ၍ ကိုယ်တော်သည်သူတို့ကို ဘေးအန္တရာယ်မှလွတ် မြောက်စေခဲ့၏။ ကိုယ်တော်သည် လေမုန်တိုင်းကိုရပ် စဲစေတော်မူသဖြင့်ပင်လယ် လှိုင်းတံပိုးများသည် လည်းငြိမ်သက်သွားလေ၏။ **(သံပြိုင်)**
They cried to the LORD in their distress; from their straits he rescued them, He hushed the storm to a gentle breeze, and the billows of the sea were stilled.

**၄။** ။ လေငြိမ်သွားသောအခါသူတို့သည်ဝမ်းသာဝမ်းမြောက်ကြ၏။ကိုယ်တော်သည်လည်းသူတို့အလိုရှိရာဆိပ်ကမ်းသို့လမ်းညွှန်ခဲ့ ၏။ ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်နှင့်လူသား တို့အား ကိုယ်တော် ပြုတော်မူသော အံ့ဖွယ်အမှုများ အတွက်ထာဝရဘုရားကိုကျေးဇူးဆပ်တင်ကြစေ။ **(သံပြိုင်)**
They rejoiced that they were calmed, and he brought them to their desired haven. Let them give thanks to the LORD for his kindness and his wondrous deeds to the children of men.

## 2nd READING: *2 Cor 5: 14-17*

ကော်ရင့်သုဩဝါဒစာ ဒုတိယစာစောင် ၅း၁၄–၁၇

ခရစ်တော်၏မေတ္တာတော်သည်ငါတို့ကိုအုပ်စိုးလေပြီ။တစ်ယောက်သောသူသည်လူအားလုံးအတွက်အသေခံသောကြောင့်လူအပေါင်းတို့သည်သေကြကြောင်းကိုယခုငါတို့သိကြ၏။ ကိုယ်တော်သည် လူအပေါင်းတို့အတွက် အသေခံခြင်းမှာ လူတို့သည် အသက်ရှင်ရာ ၌ ကိုယ်ကျိုးအတွက်ဆက်လက်၍ အသက်မရှင်ကြတော့ဘဲ၊ မိမိတို့အတွက် အသက်ကိုစွန့်တော်မူပြီး သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသော အရှင် အတွက် အသက်ရှင်ကြစေရန် ဖြစ်ပေသည်။ သို့ဖြစ် ၍၊ ငါတို့သည် ယခုမှစ၍ မည်သည့်အခါမျှ လူတို့အမြင်ဖြင့် အကဲမဖတ်တော့ပေ။ ယခင်ကခရစ်တော် အား လူတို့အမြင်၌ ငါတို့အကဲဖြတ်ခဲ့ကြသော်လည်း ယခုအခါ ထိုသို့မပြုတော့ပြီ။ ခရစ်တော်နှင့်ရှိသော သူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်၏။ သူသည်ဘဝဟောင်းကိုစွန့်၍ ဘဝသစ်သို့ရောက်ရှိလေပြီ။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## **GOSPEL:** ***Mark 4:35-41***

ရှင်မာကုဧဝံဂေလိကျမ်း ဧဝံဂေလိကျမ်း ၄း၃၅–၄၁

ထို့နေ့ ညနေအချိန်ရောက်သောအခါ၊ ကိုယ်တော်က တပည့်တော်တို့အား တစ်ဖက်ကမ်းသို ကူးကြစို့ဟု
မိန့်တော်မူ၏။ တပည့်တော်တို့သည်လည်း လူအစု အဝေးကိုထားခဲ့၍၊ လှေပေါ်တွင် ရောက်ရှိနှင့်သော
ကိုယ်တော်နှင့်အတူ ထွက်ခွာကြ၏။ အခြားသော လှေများသည်လည်း ကိုယ်တော်နှင့်အတူ လိုက်ပါ
လာကြ၏။[၆]ထိုအခိုက်တွင် ရုတ်တရက်မုန်တိုင်း ကျရောက်သဖြင့် လှိုင်းတံပိုးခတ်သောကြောင့် လှေ
သည်ရေပြည့်လုမတတ်ရှိလေ၏။ ကိုယ်တော်မူ ကား၊လေ၏ ပဲ့ပိုင်း၌ခုံပေါ်တွင်ကျိန်းစက်နေတော်မူ
၏။တပည့်တော်တို့သည်ကိုယ်တော့်ကို နှိုးကြလျက် ဆရာသခင်၊တပည့်တော်တို့ ပျက်စီးခြင်းသို့ရောက်
မည်ကို သတိမပြုတော်မူပါသလောဟု လျှောက်ကြ ၏။ကိုယ်တော်သည်ထတော်မူ၍၊ လေကိုငေါက်
ငန်းတော်မူလျက်ပင်လယ်ကိုလည်း ငြိမ်သက်လော့ ဟုအမိန့်ပေးတော်မူလျှင်လေတိုက် ခတ်ခြင်းရပ်တန့်
ပြီး၊ အလွန်တိတ်ဆိတ်ငြိမ်သက်ခြင်းသို့ရောက်လေ ၏။ကိုယ်တော်ကသင်တို့သည် အဘယ်ကြောင့်
ကြောက်ရွံ့ကြသနည်း။သင်တို့၌ယုံကြည်ခြင်းမရှိသ လောဟု တပည့်တော်တို့အားမေးတော်မူ၏။
မေးတော်မူ၏။ထိုအခါ သူတို့သည် အံ့ဩတုန် လှုပ်ကြလျက်ဤသူကား၊မည်သူဖြစ်သနည်း။လေနှင့်
လှိုင်းတံပိုးများပင်လျှင် သူ၏အမိန့်ကို နာခံကြရပါ သည်တကားဟု အချင်းချင်းပြောဆိုကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**